# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၁၄)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်

***စာမျက်နှာ ၉ ကော်လံ ၅***

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်းကတောင်သည်။ Established 1914

# အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၅ ရက်)

## အမျိုးသားရေးစိတ်ဓာတ်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း

လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်က အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး တိုက်ဖျက်လျက်ရှိသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ၁၅နှစ်စီမံကိန်းချမှတ်၍ ဖော်ဆောင်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ UNODC ၏ အစီရင်ခံစာတွင် ၂၀၀၆ ခုနှစ် ရွှေတြိဂံဒေသ ဘိန်းစစ်တမ်းအရ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၅ခုနှစ်ကထက် ၂၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ရန်ကုန်မြို့၌ ၁၉၉၀ပြည့်နှစ်မှစ၍ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခဲ့ရာ အကြိမ်(၂၀)တိုင်ခဲ့ပြီ ဖြစ်သည်။

ထို့အတူ နယ်စပ်ဒေသနှင့် အခြားမြို့များတွင်လည်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုဗေဒပစ္စည်းများ၊ ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးခဲ့ရာ (၄၂)ကြိမ် ရှိခဲ့ပြီဖြစ်သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းရေးအတွက် တိုင်းရင်းသားပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ခဲ့ပေသည်။ ၂၀၀၂ခုနှစ် ဧပြီလမှစ၍ ပန်းတိုင်သစ်စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။

ပထမငါးနှစ်စီမံကိန်း ရည်မှန်းချက်များ ပီပြင်စွာဖော်ဆောင်နိုင်သည့်အတွက် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာလျက်ရှိသည်။ ယင်းအောင်မြင်မှု အတွေ့အကြုံများအပေါ် အခြေခံပြီး ဒုတိယ ငါးနှစ်စီမံကိန်းတွင်လည်း အောင်မြင်ဖြစ်ထွန်းရေးအတွက် တိုင်းရင်းသားပြည်သူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ပူးပေါင်းပါဝင် တိုက်ဖျက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## သဘာဝဘေးအန္တရာယ် ကမ္ဘာ့နိုင်ငံများ ကြုံတွေ့မှုလျော့ကျရန်လိုအပ်

ဂျီနီဗာ ဩဂုတ် ၁၄

သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ကမ္ဘာ့နိုင်ငံများ တိုးတက်များပြားလာမှု လျော့ကျရေး ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဥရောပနှင့် တောင်အာရှနိုင်ငံများ၏ ရေလွှမ်းမှုများမှာ သက်သေပြနေကြောင်း ကုလသမဂ္ဂက ဩဂုတ် ၁၀ ရက်၌ ပြောကြားလိုက်သည်။

### သဘောတူညီ

သဘာဝဘေးအန္တရာယ်များ လျော့ကျစေရေးအတွက် မြေနိမ့်အရပ်များတွင် နေအိမ်တည်ဆောက်မှုများမှ ရှောင်ရှားရန်၊ ကြိုတင်သတိပေးမှုစနစ်များ တပ်ဆင်ရန်အတွက် ဂျပန်နိုင်ငံ ကိုဘေးမြို့၌ ၂၀၀၅ ခုနှစ်က နိုင်ငံပေါင်း ၁၆၈ နိုင်ငံတို့က သဘောတူညီခဲ့ကြသည်။

ယခုနှစ် မိုးရာသီ၌ အာရှဒေသတွင် ရေလွှမ်းမှုကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။ ထို့အတူ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့တွင် လူသန်း ၃၀ ခန့် ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရသည်။

### ရေလွှမ်းမှုများဖြစ်ပေါ်

ထို့အတူ ဆွစ်ဇာလန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံအချို့တွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ၂၀၀၈ ခုနှစ်၌ ရေလွှမ်းမိုးမှုဒဏ်ကို ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာ ပိုမိုကြုံတွေ့ရမည်ဖြစ်ကြောင်း ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၅-၈-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | ဗုဒ္ဓဝါဒ အခြေခံသဘောထား တရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ) |
| ၈း၀၅ | သာသနာ့အာဇာနည်များပေါ်ထွန်းစေမည် ဓမ္မရက္ခိတဂုဏ်ရည် |
| ၈း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၀၀ | သီးပွင့်ဝေဆာပဒေသာ(ပျားလိမ္မော်) |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | Midweek Sports News |
| ၉း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၄၅ | မင်းဆက်ဆင်းသက် ခေတ်အဆက်ဆက် ရေပေးကာကူတေးချော့မြူ |
| ၁၀း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ | သင်ယူလေ့လာ ဂီတပညာ နိုင်ဇော်၏ ဂစ်တာသင်ခန်းစာများ (အပိုင်း-၂) စတုတ္ထပိုင်း |
| ၁၀း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ | ကျောက်မီးသွေးအကြောင်း သိကောင်းဖွယ်ရာ |
| ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ | သတိပြုသင့်တဲ့ရင်သားကင်ဆာ (ဒေါက်တာ မင်းလွင်၊ ဒေါက်တာ သီတာစန်း၊ ဒေါက်တာ စိုးအောင်) |
| ၁၁း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ | ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့ |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ကိုစံလင်းသိန်း(ခ) ဦးဇော်နှင့် မမေသူဦး) |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | International Video Topics (အကြီးစားပြောင်းရွှေ့မှုများ) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီ မှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီ မှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## 2007-2008 English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၀၀ | Portsmouth-Man Utd | ESPN (Live) |
| ၁း၂၄ | Reading-Chelsea | Star Sports (Live) |



## ကမ္ဘာ့မြောက်ခြမ်းနေ ပြည်သူအများအပြား ကောင်းကင်မှ ကြယ်ပျံများကို မြင်တွေ့

လန်ဒန် ဩဂုတ် ၁၄

ပါဆေးဥက္ကာပျံများဟု သိထားသည့် ကြယ်ပျံများကို(**အပေါ်ပုံ**) ကမ္ဘာ့မြောက်ခြမ်းမှ ထောင်ပေါင်းများစွာသော ပြည်သူများ မြင်တွေ့ကြရသည်။

ထိုကြယ်ပျံများကို ရက်သတ္တနှစ်ပတ်ခန့်ကြာမျှ မြင်တွေ့ကြရမည်ဖြစ်သည်။ သို့သော် ဩဂုတ် ၁၃ ရက် တစ်ညတည်းသာ အရှင်းလင်းဆုံး၊ အများဆုံး မြင်တွေ့ရခြင်းဖြစ်သည်။

ပါဆီးယပ်တာရာအနီး ကောင်းကင်ပြင်၏ အရှေ့မြောက်ဘက်တွင် အပြတ်သားဆုံး မြင်တွေ့ခြင်းဖြစ်ပြီး ဥရောပတိုက် အနောက်ပိုင်းနှင့် မြောက်အမေရိကနေ ပြည်သူများမှာ အရှင်းလင်းဆုံး မြင်တွေ့ကြရသည်ဆိုသည်။

### ပြောကြား

ကောင်းကင်၏ အကြည်လင်ဆုံးနှင့် အမှောင်ဆုံးနေရာ၌ တစ်နာရီလျှင် ကြယ်ပျံပေါင်း ၁၀၀ အထိ အများဆုံး မြင်တွေ့နိုင်ကြောင်း ဗြိတိန်တော်ဝင် နက္ခတ္တပညာရှင်များအသင်းမှ ဒေါက်တာရောဘတ်မက်ဆေးက ပြောကြားသည်။

**(အင်တာနက်)**

## မြဝတီ ရုပ်မြင်သံကြား

၁၅-၈-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကျွန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၆း၄၀ | ၁၃။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၂၂) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း-၁၆) |

# ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့ တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးအမြင်ချင်းဖလှယ်

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့သည် ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့ နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

### တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်ဇာခီယမ်း၊ သဘာဝအရင်းအမြစ်ဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖန်ခွိုင်ငုယင်၊ ယဉ်ကျေးမှု၊ အားကစားရေးရာနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟွမ်သွမ်အိုင်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကျန်ပန်းသွန်နှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်

ဆွေးနွေးပွဲတွင် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။

### နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Petrovietnam မှ President & CEO Dr.Tran Ngoc Canh တို့သည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**

**စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Petrovietnam မှ President & CEO Dr. Tran Ngoc Canh တို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။** (သတင်းစဉ်)

# ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုအဖွဲ့ လောတိုက်နယ်၌ ကွင်းဆင်းကုသပေး

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေးခြင်းနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော် လယ်ဝေး လောတိုက်နယ်ဆေးရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်း၊ သမားတော်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ် အထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သွားအထူးကုဆရာဝန်များနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အလှူငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### အားပေး

အခမ်းအနားအပြီးတွင် ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းဦးဆောင်၍ သမားတော်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ် အထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သွားအထူးကုဆရာဝန်တို့က လောတိုက်နယ်အတွင်းရှိ လူနာများအား ကြည့်ရှုစစ်ဆေး ကုသပေးနေခြင်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က လှည့်လည် ကြည့်ရှုအားပေးကြသည်။

### ကုသပေး

ထိုသို့ ကွင်းဆင်းကုသရာတွင် အထွေထွေရောဂါ လူနာ ၃၁၇ ဦး၊ ခွဲစိတ်လူနာ ၆၄ ဦး၊ သားဖွားမီးယပ် လူနာ ၃၃ ဦး၊ ကလေးလူနာ ၈၁ ဦး၊ မျက်စိလူနာ ၂၀၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း လူနာ ၈၂ ဦးနှင့် သွားလူနာ ၅၄ ဦး စုစုပေါင်းလူနာ ၈၅၉ ဦးတို့အား ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း) တွင်ဩဂုတ်၁၂ရက်မွန်းလွဲ၂နာရီက ကစားဖော်များဖြစ်သောဦးစိုးဝင်း၊ဒေါက်တာမြင့်စိုး၊ ဦးထွန်းထွန်းလွင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ဦးနေမျိုးအောင်သည် ကျင်းအမှတ်(၈)ကို ၁၄၆ ကိုက်အကွာမှ Titleist No.2ဘောလုံးအား Honma Twin Mark Iron No.9တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

## တက်ရောက်

ယနေ့ ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္កဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီနှင့် ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို့(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့်တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက် (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေး ပါတီ(ကမစည)၊ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေး မြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန် (ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

## လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်များအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့်အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## ဆောင်ရွက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်းတူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ်ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

## စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၄၇ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၇၆ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံစုံညီ အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## စာတမ်းများအပ်နှံ

ထို့နောက် အမျိုးသား ညီလာခံက ချမှတ်ထားပြီး ဖြစ်သည့် အခြေခံရမည့်မှုများနှင့် အသေးစိတ် အခြေခံရမည့်မှုများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မှုများ၊ အသေးစိတ်အခြေခံရမည့် မှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဦးသက်ဝေက ယခု မိမိဖတ်ကြားတင်ပြမည့် အကြံပြုချက် စာတမ်းသည် ၂၀၀၇ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီမှ ဦးထွန်းရီ ဖတ်ကြားတင်ပြသွားသည့် အကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ ဖြစ်ပါသောကြောင့် အချိန်ကိုလေးစားသောအားဖြင့် ဖတ်ကြားတင်ပြခြင်းမပြုတော့ဘဲ သဘာပတိအဖွဲ့ထံ အပ်နှံသွားမည်ဖြစ်ကြောင်းဖြင့် တင်ပြပြီး အကြံပြုချက်စာတမ်းကို သဘာပတိထံ အပ်နှံသည်။

## တင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့် မှုများနှင့် အသေးစိတ်အခြေခံရမည့်မှုများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မှုများ၊ အသေးစိတ်အခြေခံရမည့်မှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဦးစံသာအောင်က ယခု မိမိဖတ်ကြား တင်ပြမည့် အကြံပြုချက်စာတမ်းသည် ၂၀၀၇ ခုနှစ် ဩဂုတ် ၁၃ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစိန်ထွန်း ဖတ်ကြားတင်ပြသွားသည့် အကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ ဖြစ်ပါသောကြောင့် အချိန်ကို လေးစားသောအားဖြင့် ဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ သဘာပတိအဖွဲ့ထံ အပ်နှံသွားမည်ဖြစ်ကြောင်းဖြင့် တင်ပြပြီး အကြံပြုချက်စာတမ်းကို သဘာပတိထံ အပ်နှံသည်။

## ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မှုများနှင့် အသေးစိတ်အခြေခံရမည့်မှုများအနက် ပြင်ဆင်၊ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မှုများ၊ အသေးစိတ်အခြေခံရမည့် မှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာ မှုထန်၊ ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့ သုံးဦးစုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဦးအောင်သိန်းက ဖတ်ကြားတင်ပြသည်။

**(တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် သုံးဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို သီးခြားဖော်ပြထားပါသည်။)**

## ခေတ္တရပ်နား

ထို့နောက်အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့် မှုများနှင့် အသေးစိတ် အခြေခံရမည့် မှုများအနက် ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်သင့်သည့် အခြေခံရမည့်မှုများ၊ အသေးစိတ်အခြေခံရမည့် မှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနှင့် ဦးတင်ထွန်းမောင်တို့ ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဦးလှစိုးနှင့် ဦးသိမ်းကြည်တို့က ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၅မိနစ်တွင် ခေတ္တရပ်နားသည်။

**(တစ်သီးပုဂ္ဂလကိုယ်စားလှယ် ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)**

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀နာရီ မိနစ်၂၀တွင် ပြန်လည် ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီး ဖြစ်သည့် အခြေခံရမည့်မှုများနှင့် အသေးစိတ်အခြေခံရမည့်မှုများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မှုများ၊ အသေးစိတ်အခြေခံရမည့်မှုများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဦးသန်းဦးနှင့် ဒေါ်နန်းခင်မွှေးတို့က ဖတ်ကြားတင်ပြကြသည်။

**(တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဆက်လက် ဖော်ပြသွားပါမည်။)**

## ရပ်နား

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မှုများနှင့် အသေးစိတ်အခြေခံရမည့်မှုများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မှုများ၊ အသေးစိတ်အခြေခံရမည့်မှုများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းကို ဦးသန်းရွှေက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၁နာရီခွဲတွင် ရပ်နားလိုက်သည်။

**(တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)**

## ဆက်လက်ကျင်းပမည်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ်၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ်

# သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်

ရန်ကုန် ဩဂုတ် ၁၄

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်သည်-**

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဆုတောင်းမေတ္တာ ပို့သပါသည်။ ကျွန်တော်ကတော့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးကျာရှီး ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၆)ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး ပြည်ထောင်စုခန်းမ၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားအမြင်ကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနှင့်စပ်လျဉ်းပြီး-

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း၊ လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"ဆိုတဲ့ စကားရပ်နှင့်ဆက်၍ "နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်၊ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ်(၂) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ စုစည်းဖော်ပြချက် အပိုဒ် ၅၀ရှိ "ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်"ဆိုတဲ့ စကားရပ်အစား "ဤအခန်းနှင့်အခန်း(၁) နိုင်ငံတော် အခြေခံမူများ အခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံမူကို ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် ၁၅နှစ်၊ အမှု လိုက်ပါဆောင်ရွက်ခဲ့သူ" ဆိုတဲ့ စကားရပ်အစား "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၄ တွင် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

**လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဦးကျာရှီး ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်"ဆိုတဲ့ စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်" ဆိုတဲ့ စကားရပ်အစား "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၂၈(စ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်-

**"(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**

**(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း"**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၃၁ (င) တွင်

**"(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**

**(၂) ပြည်ထောင်စု စာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"** ဟု အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက်အပိုဒ် ၁၀ တွင် ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

"(က) မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက် မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

**"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၄ဦး ကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊**

**(ဂ) အထက်အပိုဒ်ခွဲ(က) နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"** လို့ အသေးစိတ် အခြေခံရမည့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး-

**"(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"**လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၆)တွင် 'ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ'ဟု ဖော်ပြထားသည့် စကားရပ်အစား 'နေပြည်တော်ကောင်စီဥက္ကဋ္ဌ'လို့ ဖြည့်စွက်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၁၄တွင် နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အချက် ၂ချက်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ ဖော်ပြသည့်အချက် ၁၁ ချက်၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်အချက် ၂ချက်တို့ဟာ အသေးစိတ်အခြေခံမူများ ဖြစ်ပါတယ်။

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်း မရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလိုပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက သဘောတူညီပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုလည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကို လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်

ရန်ကုန် ဩဂုတ် ၁၄

**အမျိုးသားညီလာခံကချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်၏ ဆွေးနွေး အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ပြည်ထောင်စု ကရင်အမျိုးသား များ အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြု ချက် စာတမ်းကို ဦးစောစံရွှေ ဖတ် ကြားတင်ပြစဉ်။**
(သတင်းစဉ်)

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေလို့ မေတ္တာပို့သတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစောစံရွှေဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ ခင်ဗျား–**

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် "နိုင်ငံတော်အခြေခံမူများ အခန်း"အတွက် နိုင်ငံတော် အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီလို ချမှတ်ခဲ့တဲ့ အခြေခံမူများအပေါ် အခြေခံပြီး ကျန်အခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံမူချမှတ်ခဲ့တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီအခြေခံမူများဟာ နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်သွားဖို့ ရည်ရွယ်ပြီး ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ ဒီအခြေခံမူတွေနဲ့အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့အချိန်အခါအရ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အချိန်အခါ မကျသေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုရင် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးယန္တရားများ လည်ပတ်မှုကို အဟန့်အတား အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမည့်မူတစ်ရပ် ချမှတ်ထားဖို့ လိုအပ်ပါတယ်။ ဒီအချက်နဲ့ စပ်လျဉ်းပြီး ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း(၄) ပုဒ်မ ၃၂တွင် ဤအခန်းတွင် ဖော်ပြထားသောမူများကို နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် ရည်ရွယ်သည်။ နိုင်ငံတော်သည် ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရာ၌လည်းကောင်း ထိုမူများနှင့်အညီ ဆောင်ရွက်ရန် အလေးဂရုပြုရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်ရန် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရလို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ မိမိတို့အိမ်နီးချင်းနိုင်ငံအချို့မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အလားတူပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံဥပဒေမူများပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးသည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနှင့် စပ်လျဉ်းပြီး–

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း၊ လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်ဆိုတဲ့ စကားရပ်နှင့်ဆက်၍ နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ "အလေးဂရုပြုဆောင်ရွက်ရမည်" သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့် တရားရုံးတွင်မှ တရားစွဲဆိုပိုင်ခွင့်မရှိစေရဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

တစ်ခါတစ်ရံ ဥပဒေပြုမှု အခွင့်အာဏာနဲ့ အုပ်ချုပ်မှု အခွင့်အာဏာကို ဖွဲ့စည်းပုံအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးရတာလည်း ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီလို အခြေအနေမျိုးရှိလာခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာပေါ်ပေါက်နိုင်ပါတယ်။ ယခုကတည်းက အသေးစိတ်အခြေခံရမယ့်မူတွင် ပြည့်စုံအောင် ထည့်သွင်းဖော်ပြလိုက်မယ်ဆိုရင် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်းရှိနိုင်မည်မဟုတ်ပါ။ နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်း စုစည်းဖော်ပြချက် (၅၀)ရှိ ဤအခန်းပါ နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုဆောင်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုလည်းကောင်း၊ အုပ်ချုပ်မှုအခွင့် အာဏာကိုလည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည် ဆိုတဲ့စကားရပ်အစား ဤအခန်းနှင့် အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကို လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကို လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း၊ သို့မဟုတ် 'ပုဂ္ဂိုလ်ကို ဆိုလိုသည်' လို့ အသေးစိတ်အခြေခံရမည့်မူကို ဖြည့်စွက်၍ ချမှတ်ရန် သင့်လျော်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းနှင့် စပ်လျဉ်းပြီး အပိုဒ်(၃) အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)တွင် တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး အနှစ်(၂၀) အမှုလိုက်ပါဆောင်ရွက်ခဲ့လို့ ဖော်ပြခဲ့ပါတယ်။ ဒီလို ဖော်ပြခဲ့တာဟာ အနည်းဆုံးလိုအပ်ချက် မည်ရွေ့မည်မျှ ဖြစ်ရမယ်ဆိုတာ ပေါ်လွင်စေလို့၍ ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းနှင့် စပ်လျဉ်းပြီး အရည်အချင်း၊ အပိုဒ်(၁၁) အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် (၁၅)နှစ်အမှုလိုက်ပါဆောင်ရွက်ခဲ့သူ ဆိုတဲ့စကားရပ်အစား တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး(၁၅)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူလို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ်ချမှတ်ရန် သင့်ပါကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က) နိုင်ငံရေးပါတီများသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လို့ သုံးနှုန်းထားတာတွေ့ရပါတယ်။ ဒီလိုသုံးနှုန်းထားတာဟာ အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံမှာ ကျင့်သုံးရမည့် ဒီမိုကရေစီစနစ်သာဖြစ်ကြောင်း လေးနက်ပေါ်လွင်စေလို့၍ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(၁) အပိုဒ်ခွဲ(၄) အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ စစ်မှန်သော ပါတီစုံဒီမိုကရေစီဆိုသည့် စကားရပ်အစား စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(ဂ)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ "တရားလွှတ်တော်"ဆိုတဲ့ စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားခြားနား ပေါ်လွင်စေလို့၍ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန် လည်းကောင်း၊ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"လို့ သုံးစွဲသင့်ပါသည်။

နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ (၁)၊ (၂)၊ (၃)တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်" ဆိုတဲ့စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)တွင် "သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌအားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်" လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)တွင် "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားနိုင်သည်" လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားခြင်း မပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ ဒါ့ကြောင့် ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း "အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"လို့ သုံးနှုန်းသင့်ပါသည် ဆိုသော စကားရပ်နှင့်အညီ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်" ဆိုတဲ့စကားရပ်အစား "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)တွင် "တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"ဟု လည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)တွင် "တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါကြောင့်အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

"တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်" ဟု လည်းကောင်း

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

"တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စု စာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် သတ်မှတ်ရန် သင့်လျော်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၄ခုနှစ်၊ စက်တင်ဘာလ ၂ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးမှ အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။ ၎င်းရှင်းလင်းတင်ပြချက်အပေါ် ခြုံငုံသုံးသပ်ကြည့်သည့်အခါ ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး–

**"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်တော်ပါကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဖွဲ့စည်းမှုအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ သေချာစွာ လေ့လာခဲ့ပါသည်။

ဒါကြောင့်–

**"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊**

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

15-8 (06) 1 8/15/07, 2:33 AM

# ချမှတ်ပြီးအခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ပိုမိုပြည့်စုံကောင်းမွန်အောင်လုပ်ဆောင်ခြင်းသည် လက်တွေ့ကျခြင်း ဆင်ခြင်တုံတရားနှင့်လည်း ကိုက်ညီမှုရှိသဖြင့် သင့်မြတ်ဆီလျော်

ရန်ကုန် ဩဂုတ် ၁၄

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်သော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ကိုယ်စားပြုနေတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးယန်ကျင့်ကန်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ယခုတစ်ကြိမ်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးဟာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် အရေးအပါဆုံးနဲ့ အခြေခံအကျဆုံးဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည့် ခေတ်မီ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့်မူများကို အောင်မြင်စွာချမှတ်ပြီးလို့ ပိုမိုပြည့်စုံအောင် အနည်းငယ်မျှသာ အချက်အချို့ကို မူလရည်ရွယ်ချက်အနှစ်အရသာကို ထိခိုက်ခြင်းမရှိစေဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်းပြုနိုင်ဖို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များထံမှ သဘောထားကိုတောင်းခံတဲ့ အစည်းအဝေးကြီးဖြစ်ပါတယ်။

သို့ဖြစ်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း အကြောင်းအရာများ လေ့လာကြည့်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရန် အောင်မြင်စွာချမှတ်ပြီးသော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ပိုမိုခိုင်မာ ပြည့်စုံလေးနက်စေရန် ပြင်ဆင်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော် အခြေခံဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲရာတွင် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ အချို့အချက်နှင့် စကားရပ်များကို ပြင်ဆင်၊ ဖြည့်စွက်၊ ပြောင်းလဲခြင်းဖြင့်–

၁။ အနက်အဓိပ္ပာယ် ပိုမိုလေးနက်ပီပြင်စေခြင်း၊

၂။ ဝိဝါဒကွဲပြားစရာနှင့် အငြင်းပွားစရာအချက်များကို ပိုမို၍ ရှောင်ရှားနိုင်ခြင်း၊

**ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဦးယန်ကျင့်ကန် ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

၃။ မူဝါဒကို ကိုင်စွဲကျင့်သုံးသူ၏ ဒွိဟဖြစ်စေနိုင်မည့် သဘောထား ထိန်းချုပ်ထားနိုင်ခြင်း၊

၄။ ပိုမိုတိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲလွဲမှုများမရှိစေရန် ရှောင်ရှားနိုင်စေခြင်း၊

၅။ ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်များကို ကြိုတင်မှန်းဆ၍ တွက်ချက်၊ ဖော်ဆောင်ရေးဆွဲထားခြင်း၊

၆။ သက်ဆိုင်ရာ အခန်းခေါင်းစဉ်များကို ပြောင်းရွှေ့စုစည်းဖော်ပြခြင်းဖြင့် ပိုမိုရှင်းလင်းလွယ်ကူသည့် အခြေခံမူများဖြစ်စေခြင်းစသည့် အကျိုးတရားများကို တွေ့ရှိရသဖြင့် ပိုမိုကောင်းမွန်ပြီး အရှိတရားများ အပေါ်အခြေခံသော မှန်မြတ်သည့် အချောသတ်လုပ်ငန်းစဉ်ကြီး တစ်ရပ် ဖြစ်သည်ဟု သဘောထားရရှိပါသည်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို အနည်းငယ် ကိုးကားဖော်ပြရမည်ဆိုလျှင်–

အောင်မြင်စွာ ချမှတ်ပြီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လက်ရှိအနေနဲ့ လိုက်လျောညီထွေရှိစေရန်အတွက်လည်းကောင်း၊ ချမှတ်ခဲ့သည့် ဦးတည်ချက်နှင့် အဓိပ္ပာယ်ကို ပိုမိုရှင်းလင်းစေရန်အတွက် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ပိုမိုတိကျ ရှင်းလင်းစေရေးအတွက် အခြေခံမူများကို လိုအပ်သလို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်ခြင်းနှင့် ဆက်လက်ဖော်ပြရန် မလိုအပ်သည်များကို ချန်လှပ်ခြင်းပြုလုပ်ရန် အချက်အလက်များကို ကြောင်းကျိုးညီညွတ်စွာ ရှင်းလင်းဖော်ပြထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံ၏ ပကတိအရှိတရားများအပေါ် အခြေခံသုံးသပ်စဉ်းစားပြီး ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံးမှ မျှော်မှန်းနေသည့် ပိုမိုပြည့်စုံသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာ မလွဲကေန်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြင်ဆင်စရာရှိသည်ကို မပြင်ဆင်ခြင်းသည် အစွန်းတရားဖြစ်ပြီး မပြင်ဆင်သင့်သည်ကို ပြင်ဆင်ခြင်းသည်လည်း အစွန်းတရားဖြစ်ပါတယ်။

ဤသို့ ချမှတ်ပြီးအခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ပိုမိုပြည့်စုံကောင်းမွန်အောင်လုပ်ဆောင်ခြင်းသည် လက်တွေ့ကျခြင်း ဆင်ခြင်တုံတရားနှင့်လည်း ကိုက်ညီမှုရှိသဖြင့် သင့်မြတ်ဆီလျော်ပါကြောင်း သဘောထားရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ယခုတစ်ကြိမ် ညီလာခံဟာအောင်ပန်းကို ဆွတ်ခူးနိုင်ပြီး ရည်မှန်းချက်ပေါက်မြောက်တဲ့ အမျိုးသားညီလာခံကြီးဖြစ်ပါတယ်။

– ပြည်သူတစ်ရပ်လုံးကလည်း လှိုက်လှိုက်လှဲလှဲ မျှော်လင့်တောင့်တတဲ့ ညီလာခံကြီးဖြစ်ပါတယ်။
– ဒီလိုသမိုင်းတွင်ရစ်မည့် မော်ကွန်းဝင် အမျိုးသားညီလာခံကြီးမှာ ပါဝင်တက်ရောက်ဆွေးနွေးခွင့်ရရှိတဲ့ နိုင်ငံတော်၏ အမျိုးသားရေးအင်အားစုဖြစ်သော ကျွန်တော်တို့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကိုယ်စား များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

ဤသို့ စီမံဆောင်ရွက်ပေးခဲ့သော အမြော်အမြင်ကြီးမားလှသည့် နိုင်ငံခေါင်းဆောင်ကြီးများနှင့် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး အဘက်ဘက်မှ စိတ်ရှည်သဘောထားကြီးစွာ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများနှင့် ကိုယ်စားလှယ်များအားလုံးကို ဂါရဝတရားနှင့်အညီ နှုတ်ဆက်ဂုဏ်ပြုပါကြောင်းနှင့် ကျွန်တော်တို့ပါတီ၏ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။

## ပိုမိုတိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲလွဲမှုများ မရှိစေရန် ရှောင်ရှားနိုင်။

**စာမျက်နှာ ၆ မှ**

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး”၊

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့်(ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ်၊ သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်”

လို့ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်တော်ပါကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၁၉၉၄ ခု ဧပြီလ ၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ ပတ်သက်၍ ရှင်းလင်းပြောကြားချက်အပေါ် အောက်ပါအကြံပြု တင်ပြအပ်ပါသည်။

ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

“(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့်ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်”လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်သတ်မှတ်ရန် သင့်တော်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ပြီးနောက် နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အသေးစိတ်အခြေခံမူအတိုင်း ချမှတ်သင့်ပါသည်။

ထို့ကြောင့် ၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေ ဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့်မူများတွင်လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့် မူများတွင်လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား နေပြည်တော်ဟု ဖြည့်စွက်ရန် သင့်ကြောင်း တင်ပြအပ်ပါသည်။ ထို့အပြင် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ စကားရပ်အစား နေပြည်တော်ကောင်စီဥက္ကဋ္ဌလို့ ဖြည့်စွက်ရန် အသေးစိတ်အခြေခံမူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၆၊ အပိုဒ်ခွဲ (၄)၊ အပိုဒ်ခွဲငယ်(က)တွင် တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ်(၆)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်ခွဲငယ်(က)ရှိ တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည် ဆိုတဲ့စကားရပ်အစား တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်လို့ အသေးစိတ် အခြေခံရမည့်မူအဖြစ် ပြင်ဆင်ချမှတ်ရန်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြသော အသေးစိတ်အခြေခံရမယ့်မူအဖြစ် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြထားတဲ့ အခြေခံမူများ အနက်–

နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အမှတ်စဉ်(၁)မှ (၂)သည်လည်းကောင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အမှတ်စဉ်(၃)မှ (၁၃)သည် လည်းကောင်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့် အမှတ်စဉ်(၁၄)နှင့် (၁၅)သည်လည်းကောင်း သင့်တော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အမျိုးသားညီလာခံမှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်နိုင်ပါရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်မှာ လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါတယ်။

၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံကြီးသည် မကြာမီအောင်မြင်စွာ ပြီးဆုံးပါတော့မည်။ မိမိတို့ အားလုံး မျှော်လင့်တောင့်တသော အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်တော့မှာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီး အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် ကော်မတီများ၊ အမျိုးသားညီလာခံသို့ တက်တက်ကြွကြွ တက်ရောက်ခဲ့သော အစုအဖွဲ့(၈)ခုမှ ကိုယ်စားလှယ်များ အားလုံးကို ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။ အမျိုးသားညီလာခံကြီးမှ ချမှတ်ပေးသော အခြေခံမူများ၊ အသေးစိတ်အခြေခံမူများသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ပါတော့မည်။ ပြည်ထောင်စုအတွင်း နေထိုင်သော တိုင်းရင်းသားအားလုံးသည် ဥမကွဲသိုက်မပျက်ဘဲ ပြည်ထောင်စုကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်မည်လို့ ယုံကြည်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။

✻ ကျောဖုံးမှ

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

## ပြန်လည်နှုတ်ဆက်

ဆက်လက်၍ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းကလည်း ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ပြန်လည်နှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## ရင်းရင်းနှီးနှီး နှုတ်ဆက်

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းအား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

**ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)

## ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **ရုရှားနိုင်ငံတွင် ဩဂုတ် ၁၃ ရက်က မော်စကိုမှ စိန့်ပီတာစဘတ်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ရထားတစ်စင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၆၀ ကျော် ဒဏ်ရာရရှိသွားကြောင်း ရုရှားအာဏာပိုင်များက ပြောကြားသည်။**

✻ အမေရိကန်နိုင်ငံ အလာဘားမား၊ အာကင်ဆက်စ်နှင့်ကင်းဆက်စ်ပြည်နယ်များတွင် ဩဂုတ် ၁၄ ရက်က အပူလှိုင်းကျရောက်ခဲ့ရာ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အပူချိန်အပြင်းထန်ဆုံးဖြစ်ကြောင်း၊ လူသုံးဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❒ **တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်ရှိ တူးမြစ်ကိုဖြတ်သန်းတည်ဆောက်ထားသော အရှည် ၁၀၄၉ ပေ ရှိသည့် တံတားတစ်စင်း ဩဂုတ် ၁၃ရက်က ပြိုကျခဲ့ရာ လူ ၂၈ဦးသေဆုံးပြီး ၆၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။**

✻ ဂျပန်နိုင်ငံမှ အသက် ၁၁၄ နှစ်ရှိ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး ယိုနီမီနာဂါဝါသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဖူကူချီမြို့ရှိ သူမနေအိမ်၌ ဩဂုတ် ၁၃ ရက်က ကွယ်လွန်သွားကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။

❒ **အာတိတ်ပင်လယ်ရှိ ရေခဲများအရည်ပျော်မှုနှုန်း မြန်ဆန်လျက်ရှိရာ ဩဂုတ် ၁၂ ရက်က ၃၀ ရာခိုင်နှုန်းအထိ ရှိလာကြောင်း၊ လက်ရှိနှုန်းအတိုင်း ဆက်လက်အရည်ပျော်သွားပါက လာမည့် ၂၀၄၀ပြည့်နှစ်၌ အာတိတ်ပင်လယ်ပြင်တွင် ရေခဲများလုံးဝရှိတော့မည်မဟုတ်ကြောင်း အမေရိကန်မှ သုတေသနပညာရှင်များက ဩဂုတ် ၁၃ ရက်၌ ပြောကြားသည်။**

✻ မြောက်ကိုရီးယားနိုင်ငံ ဂန်ဝမ်ပြည်နယ်တွင် ဩဂုတ် ၁၂ရက်မှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိရာ လူ ၁၀၀ကျော်သေဆုံးပြီး ထောင်ပေါင်းများစွာသော နေအိမ်များ ပျက်စီးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❒ **နာဆာမှ စေလွှတ်ခဲ့သော အင်ဒီဗားအာကာသယာဉ်မှ အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသယာဉ်စခန်းမှ အဏုကြည့်မှန်ပြောင်းတစ်ခုကို ပြုပြင်တပ်ဆင်နိုင်ခဲ့ကြောင်း နာဆာအဖွဲ့က ဩဂုတ် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။**

✻ ဇမ်ဘီယာနိုင်ငံ၌ နှစ်ပေါင်း ၄၀မှ ၅၀အတွင်း နှစ်စဉ် သစ်တော ဟက်တာ ၈၅၁၀၀၀ခန့် လျော့နည်းခဲ့ကြောင်း၊ ယင်းမှာ သစ်ထုတ်လုပ်မှုများပြားလာ၍ဖြစ်ကြောင်း ဇမ်ဘီယာအာဏာပိုင်များက ဩဂုတ် ၁၃ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

၁၄-၈-၂၀၀၇

| | |
|---|---|
| ခန္တီး | ၅ ဒသမ ၅၁ လက်မ |
| မြစ်ကြီးနား | ၂ ဒသမ ၂၀ လက်မ |
| ကသာ | ၁ ဒသမ ၉၇ လက်မ |
| သံတွဲ | ၁ ဒသမ ၅၇ လက်မ |
| ပြည် | ၁ ဒသမ ၅၄ လက်မ |
| ပင်လောင်း | ၁ ဒသမ ၃၈ လက်မ |
| မိတ္ထီလာ | ၁ ဒသမ ၂၂ လက်မ |

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၀)ပြည့် ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၀)ပြည့်ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်း မင်းဦး၊ မင်းနိုင်လေး (လမ်းမတော်)၊ ဘွင်းဘွင်း၊ ဝင့်ဝါထွန်း (ဂန္ဓဝင်ကုန်း)၊ စန္ဒးရားကိုခင်လှ၊ ခိုင်ကျော်နွယ် (ကျောက်တော်)၊ ချမ်းမြဆောင်း (ကလော)၊ စလင်းခင်မောင်ရည်၊ ခမ်းစုဝင်းကြည် (သီပေါ)၊ မောင်နှစ်သိမ့် (တောင်ကုတ်)၊ မိုးပြို(မင်းပြား)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မြတ်ဦး၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ နီမင်းညို၊ ဒေါက်တာဦးဖေညာဏ်၊ နေမျိုးသန့်၊ မောင်ကြည်မော် (စကု)၊ စကုဆွေသစ်၊ ဦးစံတင်အောင်(ရွှေဘို)၊ ပန်းတနော်စောလွင်၊ လှထွန်း (တွံတေး)၊ ပန်းတနော်နောင်လတ်၊ ဆရာမေမ္မပါလ၊ မင်းဟန် (မန်းတက္ကသိုလ်)၊ ကြည်ကြည်သိန်း (ဇီးကုန်း)တို့၏ဆောင်းပါးများ။ ကိုသက်(ဇီးကုန်း)၊ ဓနုတ်ဟိဏ်းဇော်၊ တင်ဝင်း (ပညာရေး၊ မအူပင်)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လှိုင်ဝင်းဆွေ၊ ပုသိမ်ရန်နောင်စိုး၊ စာကြည့်တိုက်ခင်မောင်၊ သာနိုင်အောင် (ကျိုက်မရော)၊ ခင်လေးငယ်၊ အောင်ခြိမ့်မိုး၊ စိုင်းထွန်းကျော်၊ မြမြလှိုင်၊ မနွယ်(ကလော)၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စာပေအလင်း စာပေသတင်း ကဏ္ဍ၊ စာအုပ်စဉ်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ ကာတွန်းများအပြင်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်များ၊ တောဓလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) စာပေဗိမာန်အဆောက်အအုံ၊ ကုန်သည်လမ်း၊ ရန်ကုန် ဖုန်း-၃၇၄၅၃၂ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်း ဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

■ ရှေ့ဖုံးမှ

ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## သွားဘက်ဆိုင်ရာဆေးပညာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို) ပညာရပ်ဆိုင်ရာကော်မတီက ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာပြန့်ပွားရေး အစီအစဉ်အရ ဟောပြောပို့ချပွဲကို ဩဂုတ် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပို့ချပွဲတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ရန်ကုန်မှ ဒေါက်တာဝင်းလွင်က Evaluation of Crown and Bridge ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာကျော်သီဟက AtA Glance on Periodontal Pathogens ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချသွားမည်ဖြစ်ရာ အဆိုပါဟောပြောပို့ချပွဲသို့ သွားနှင့်ခံတွင်း ဆရာဝန်အသင်းသား အသင်းသူများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဂုဏ်ပြုတပ်ဖွဲ့ အလေးပြုခြင်းခံယူ

**ခေတ္တဝန်ကြီးချုပ်နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ နေပြည်တော်လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)

## မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

**ကိုထွေး စုစည်းတင်ပြသည်** ရန်ကုန် ဩဂုတ် ၁၄

### လေးပွင့်ဆိုင် ဖူဆယ်ဘောလုံးပြိုင်ပွဲ ယနေ့စတင်ယှဉ်ပြိုင်မည်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပသည့် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်ဘောလုံးအသင်း ဖွဲ့စည်းရန်အတွက် လေးပွင့်ဆိုင် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် **(ယနေ့)** နှင့် ၁၆ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို နံနက်ပိုင်း၌ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းခွင့်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီမှ ပဏာမရွေးချယ်ထားသည့်သုံးသင်းနှင့် မန္တလေးတိုင်း လက်ရွေးစင်ဖူဆယ်အသင်းစုစုပေါင်းလေးသင်းတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

### (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအဖွဲ့ အားကစားနည်း ၂၀ ၌ ယှဉ်ပြိုင်ရန် စီစဉ်

လာမည့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာအားကစား အဖွဲ့သည် အားကစားနည်း ၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်စီစဉ် လျာထားကြောင်း သိရသည်။

မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်စီစဉ်လျာထားသည့် အားကစားနည်း ၂၀မှာ မြားပစ်၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ဘောလုံး၊ ကရာတေးဒို၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ သိုင်း၊ ရိုးရာလက်ဝှေ့(မွေ)၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ရွက်လှေနှင့် ဘိလိယက်တို့ ဖြစ်ကြသည်။

အဆိုပါ အားကစားနည်း ၂၀မှာ အပြီးသတ်ဆုံးဖြတ်ရွေးချယ်ထားခြင်းမဟုတ်ဘဲ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနီးကပ်ချိန်၌ အားကစားနည်းတစ်ခုချင်းအလိုက် တိုးတက်မှုရှိမရှိနှင့် စံချိန်အတက်အကျအပေါ်မူတည်၍ ထပ်မံဆုံးဖြတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲကျင်းပမည့်ရက် ထပ်မံသတင်းရရှိ

**မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကြီးမှူး၍ ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားသိုင်းပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။**

### အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စက်တင်ဘာ ၇ ရက်၌ စတင်ကျင်းပမည်

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေးဘောလုံးပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၇ ရက်မှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။**

**အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ဘဏ္ဍာ/အခွန်၊ တပ်မတော် (ကြည်း)၊ ကမ္ဘောဇ၊ Royal Eleven ၊ စီးပွား/ကူးသန်း၊ သစ်တောရေးရာ၊ မြို့တော်စည်ပင်၊ ဆောက်လုပ်ရေး၊ ပြည်ထဲရေး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး၊ လယ်ယာ/ဆည်မြောင်း၊ မြန်မာ့မီးရထားနှင့် စွမ်းအင်အသင်းတို့ဖြစ်ကြသည်။**

**ယမန်နှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက ပထမ၊ ကမ္ဘောဇအသင်းက ဒုတိယ၊ စီးပွား/ကူးသန်းအသင်းက တတိယရရှိခဲ့ကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးမှ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ထုတ်ပြန်ထားပြီးဖြစ်ရာ ပွဲဦးထွက်အဖြစ် စက်တင်ဘာ ၇ ရက်တွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

### ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲ မြန်မာအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်

စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၇ ရက်မှ ၁၄ ရက်ထိ ကျင်းပမည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲ၌ မြန်မာဘိလိယက်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားသမားများအဖြစ် ကျော်ဦး၊ အောင်ဆန်းဦး၊ နေသွေးဦး၊ အောင်ဌေး၊ ခင်မောင်ဦးနှင့်စည်သူထွန်းတို့ကို ရွေးချယ် လေ့ကျင့်ပေးလျက်ရှိသည်။

ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် အသင်းတစ်သင်းလျှင် ကစားသမားသုံးဦးနှင့် အရန်ကစားသမားတစ်ဦး စုစုပေါင်းလေးဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုကြောင်း သိရသည်။

## နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက် ပြိုင်ပွဲစတင်ကျင်းပ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနိုင်ရ

**နေပြည်တော် ဩဂုတ် ၁၄**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ်(၁) ပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

### ပေါင်းလောင်းအားကစားကွင်း

**ညနေ ၄ နာရီခွဲ**

**(ကက) အုပ်စုနှင့် (ဂဂ)အုပ်စု**

| | |
|---|---|
| **ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန** | **လေးဂိုး။** |
| **ရထားပို့ဆောင်ရေးဝန်ကြီးဌာန** | **နှစ်ဂိုး။** |

### ကြည့်ရှုအားပေး

အဆိုပါဘောလုံးပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ခခ)အုပ်စုမှ အုပ်စုပထမ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် (ဃဃ)အုပ်စုမှ အုပ်စုဒုတိယ အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၏ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များအား ရင်သွေးရတနာမူလတန်းကြိုကျောင်းမှ ကလေးငယ်များက သွက်လက်မြူးကြွ အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြစဉ်။

(သတင်းစဉ်)

# ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၏ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့်အဖွဲ့ နေပြည်တော်ရှိ ရင်သွေးရတနာမူလတန်းကြိုကျောင်းသို့သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၁၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၏ ဇနီး ဒေါ်ခင်ဆွေမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၏ဇနီး ဒေါ်ထွေးရီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ညနေ ၃နာရီ ၁၀မိနစ်တွင် နေပြည်တော် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရင်သွေးရတနာ မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

**ကြိုဆို**

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ရင်သွေးရတနာ မူလတန်းကြိုကျောင်းမှ ကလေးငယ်များက ကြိုဆိုကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မူလတန်းကြိုကျောင်းခန်းမ၌ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မဒမ်ကျန်တိုင်းကီယမ်နှင့် အဖွဲ့ဝင်များအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လူမှုဝန်ထမ်း ဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ရင်သွေးရတနာမူလတန်းကြိုကျောင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားပြီး ရင်သွေးရတနာမူလတန်းကြိုကျောင်းမှ ကလေးငယ်များက သွက်လက်မြူးကြွအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

**လက်ဆောင်ပစ္စည်းပေး**

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီးမဒမ်ကျန်တိုင်းကီယမ်က ဧည့်ခံဖျော်ဖြေတင်ဆက်ကြသူ ကလေးငယ်များအား ဂုဏ်ပြုပန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ရင်သွေးရတနာ မူလတန်းကြိုကျောင်းအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀၀ ကို မူလတန်းကြို ကျောင်းအုပ်ကြီးထံလည်းကောင်း ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ ရင်သွေးရတနာ မူလတန်းကြိုကျောင်းမှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Gia Khiem လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

# ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းအား လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Pham Gia Khiem နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ရုပ်မြင်သံကြားဖမ်းစက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၄**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ Aurora International Ltd. နှင့် Yunnan Boalishi Electric Co., Ltd. တို့က ရုပ်မြင်သံကြားဖမ်းစက် တစ်လုံး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ၄နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ဧည့်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Yunnan Boalishi Electric Co.,Ltd. မှ Senior Economist, Mr. Xia Wanceng က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ကျေးဇူးတင်စကား**

ထို့နောက် Yunnan Boalishi Electric Co., Ltd. မှ Senior Economist, Mr. Xia Wanceng က ဆမ်ဆောင်း၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(သတင်းစဉ်)**

# အဖျောက်ရေကာတာစိုးရိမ်ရေမှတ်ကျော်ပြီးလမ်းရေကျော် အဖျောက်–တိုက်ကြီးသွား ယာဉ်များသွားလာမှု ခေတ္တရပ်ဆိုင်းခဲ့ ကျောက်တံခါး၌ လေဆင်နှာမောင်းတိုက်ခတ်၍ ပျက်စီးမှုအချို့ရှိခဲ့ တာဝန်ရှိသူများကလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးထား

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးရှိ အဖျောက်ရေကာတာ၌ ဩဂုတ် ၁၂ရက် နံနက် ၆ နာရီခွဲခန့်က စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့ပြီး ဥတို–အဖျောက်–ချောင်းသုံးခွကားလမ်းပိုင်းနေရာ လေးနေရာ၌ ရေကျော်နေမှုကြောင့် အဖျောက်–တိုက်ကြီး–ရန်ကုန်ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ သွားလာမှုခေတ္တရပ်ဆိုင်းခဲ့ရကြောင်း၊ ဥက္ကံဒေသ၊ ဂေါ့ကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာမှ အိမ်ထောင်စု (၆၄)စုတို့အား ရေဘေးလွတ်ကင်းရာနေရာသို့ ရွှေ့ပြောင်းနေရာ ချထားပေးခဲ့ရကြောင်း သိရသည်။

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ကျောင်းစိုးကျေးရွာအုပ်စု ထိန်တော်ကျေးရွာနှင့် သဲတောကျေးရွာတို့၌ ဩဂုတ် ၁၂ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် အိမ်ခြေ ၂၅ လုံးပျက်စီးပြီး လူ ၁၁၇ဦး လေဘေးဒဏ်သင့်ခဲ့ကြောင်း၊ ပြိုကျအိမ်ခြေ ၁၀လုံးမှ အိမ်ထောင်စုများအား သင့်တော်ရာသို့ နေရာချထားပေးခဲ့ပြီး အမိုးပျက်စီးခဲ့သည့် အိမ်များကို ချက်ချင်းပြန်လည်ပြင်ဆင်မွမ်းမံပေးခဲ့ကြောင်း၊ လေဘေးသင့်သူများအား မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ထန်းတပင်**

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလယ်ကျေးရွာရှိ လှိုင်မြစ်ဘောလယ် ကမ်းပတ်တာမှာ ဩဂုတ် ၁၃ရက် ညနေပိုင်းတွင် လှိုင်မြစ်ရေကြီးမှုကြောင့် နိမ့်သောနေရာအချို့၌ ရေကျော်မှုဖြစ်ပွားခဲ့သဖြင့် သဲအိတ်ဖို့ခြင်း၊ မြေဖို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များဖြစ်သည်

ရန်ကုန် ဩဂုတ် ၁၄

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်-**

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံရမည့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-**

ယခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အခန်းခေါင်းစဉ်အလိုက် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ဘက်စုံထောင့်စေ့က အချိန်ယူ ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်းချမှတ်ခဲ့ကြတာ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေ အခြေခံရမယ့်အချက်များ ဖြစ်လာမှာ ဖြစ်ပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေရှိရန် လိုအပ်ပါတယ်။ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံမယ့်မူများကို ရှေ့နောက် ညီညွတ်ဆီလျော်စေရန်အတွက် လည်းကောင်း၊ မူလကချမှတ်ခဲ့တဲ့ ဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရေးအတွက် လည်းကောင်း၊ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ဖြည့်စွက်ခြင်းနဲ့ မလိုအပ်တော့တဲ့ အချက်များကို ချန်လှပ်ခြင်းတို့ကို ပြုလုပ်ဖို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်နဲ့ စပ်လျဉ်းပြီး ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ"နိုင်ငံတော်အခြေခံမူများအခန်း"အတွက် နိုင်ငံတော်အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ခဲ့ပြီး အဲဒီအခြေခံမူများဟာ နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်သွားဖို့ ရည်ရွယ်ပြီး ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဒီအခြေခံမူတွေနဲ့အညီ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုရင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို အဟန့်အတား အနှောင့်အယှက် ဖြစ်စေနိုင်တဲ့အတွက် နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့လိုပါတယ်။ ဒါကြောင့် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနဲ့စပ်လျဉ်းပြီး အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက် အပိုဒ်(၃)ပါ-"**နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**ဆိုတဲ့စကားနှင့်ဆက်၍ "နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ" ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သည်မှာ သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၂၀၀၆ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀ တွင်ဖော်ပြထားတဲ့ 'နိုင်ငံတော်' ဆိုတဲ့စကားရပ်ဟာ "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"ရှိ 'နိုင်ငံတော်'ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင်သက်ဆိုင်မယ့်သဘော သက်ရောက်နေပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်း(၁) ဖြစ်တဲ့ "နိုင်ငံတော် အခြေခံမူများအခန်း"တွင်လည်း'နိုင်ငံတော်' ဆိုတဲ့ စကားရပ်များ အများအပြားပါရှိသော တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအခန်းမှာ ဖော်ပြထားတဲ့

**ဖတ်ကြား**

**'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဦးညီပလုပ် ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

'နိုင်ငံတော်'ဆိုတဲ့စကားရပ်များရဲ့ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အကျုံးဝင်သတ်မှတ်ပြီးဖြစ်စေဖို့ ဖြည့်စွက်သင့်ပါတယ်။

ဒါ့အပြင် အဲဒီအပိုဒ်မှာ 'အဖွဲ့အစည်း'ဆိုတဲ့ စကားရပ်ကိုသာ ရည်ညွှန်းဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို၊ ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးရတာလည်း ရှိကောင်းရှိနိုင်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာမပေါ်ပေါက်နိုင်စေရန် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"စုစည်းဖော်ပြချက် အပိုဒ်၅၀ရှိ စကားရပ်အစား-

> **"ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"**

လို့အသေးစိတ်အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်သည်မှာ သင့်လျော်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၁၉၉၆ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)၊အပိုဒ်ခွဲငယ်(၃)တွင် "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၂)တွင် "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့ပါတယ်။ဒီဖော်ပြချက်မှာ "အနည်းဆုံး"ဆိုတဲ့ စကားရပ်မပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်နှင့် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန် "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်တာဟာ သင့်လျော်မှန်ကန်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်(ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့် မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် "စစ်မှန်သော ပါတီစုံဒီမိုကရေစီ စနစ်ထွန်းကားရေး" အတွက် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"ဟုလည်းကောင်း၊ အပိုဒ်(လ)တွင် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်" ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်" လို့ ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သည်မှာ သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ အပိုဒ်ခွဲ(၁)တွင် "နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ် တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်"ဟု လည်းကောင်း၊ အပိုဒ်ခွဲ(၂)တွင် "ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော်တစ်ရပ် ထားရှိသည်၊ ပြည်ထောင်စု တရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးဖြစ်သည်"ဟု လည်းကောင်း၊ အပိုဒ်(၃)တွင် "ပြည်ထောင်စုတရား လွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့် အာဏာများရှိသည်"ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ် အခြေခံရမည့်မူများတွင် "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ် တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ "တရားလွှတ်တော်"ဆိုတဲ့ စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်စေလို၍ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်နှင့် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် နိုင်ငံတော်အခြေခံမူများ အခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁) (၂) (၃) တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်" ဆိုတဲ့စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သည်မှာ သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၁၉၉၆ခုနှစ် မတ်လ ၂၉ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂ အပိုဒ်ခွဲ (ဇ) တွင် "သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစား နိုင်သည်"လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)အရဆိုလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌကို လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်ကိုသော် လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် ဝန်ကြီးအဖြစ် အလိုအလျောက် တာဝန်ပေးခန့်အပ်ရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌသည် လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အခြားအရည်အချင်းများနဲ့ ပြည့်စုံသော်လည်း တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် ဝန်ကြီးအတွက် သတ်မှတ်ထားတဲ့ အသက်(၃၅)နှစ်အောက် လျှော့နည်းနေသူဖြစ်နိုင်ပါတယ်။

ဒါပေမယ့် အပိုဒ်၂၂၊ အပိုဒ်ခွဲ(ဇ)တွင် "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားနိုင်သည်"လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။

ဒါ့ကြောင့် အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်နှင့် နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှု အပိုင်း၊ အပိုဒ်၂၂၊ အပိုဒ်ခွဲ(ဇ)အား"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ ပေးရမည်"လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၁၉၉၆ခုနှစ် မတ်လ ၂၉ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများ အပိုဒ်၂၈၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်၃၁၊ အပိုဒ်ခွဲ (င)တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်နှင့် အဓိပ္ပာယ်ရှင်းလင်းလွယ်ကူစေရန်-

အပိုဒ်၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်-

"တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်-

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"ဟုလည်းကောင်း

အပိုဒ်၃၁၊ အပိုဒ်ခွဲ(င)အဖြစ်-

"တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်-

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"

ဟု လည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သည်မှာ မှန်ကန်သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

15-8 (11) 1 8/15/07, 2:33 AM

**စာမျက်နှာ ၁၁ မှ**

**သဘာပတိကြီးခင်ဗျား–**

၁၉၉၆ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–

**(က) လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ပင်မဥပဒေကြီးဖြစ်သည့်အားလျော်စွာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ရေရှည်လိုက်နာကျင့်သုံးသွားကြရမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်အတွက် အသေးစိတ်အခြေခံရမယ့်မူများကို ယခင်ချမှတ်စဉ်က ပြည်သူ့လွှတ်တော်ကို လူဦးရေအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ဟု သုံးနှုန်းထားရာ ယင်းအသုံးအနှုန်းအရ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ရာမှာ လူဦးရေကို အခြေခံ၍ သတ်မှတ်ရမည့် အနေအထားရှိနေပါတယ်။ ယခုအခါ နိုင်ငံတော်က ချမှတ်ပေးထားတဲ့ ဦးတည်ချက်(၁၂)ရပ်နဲ့အညီ နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိတဲ့အတွက် အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍတွေမှာ အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ နောင်အခါမှာ ယခုထက်ပိုမိုပြီး စိုက်ပျိုးရေးအရသော် လည်းကောင်း၊ စက်မှုလက်မှုအရသော် လည်းကောင်း လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာတဲ့အခါ လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ စီမံကိန်းလုပ်ငန်းများနဲ့ လိုက်လျောညီထွေရှိမယ့် မြို့နယ်များကို ဖွဲ့စည်းသင့်ပါက တိုးချဲ့ဖွဲ့စည်းလာကြမှာ ဖြစ်ပါတယ်။ အကယ်၍ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်မယ်ဆိုပါက ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် ကျော်လွန်သွားမှာ ဖြစ်ပါတယ်။

မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ် တစ်ခုခုနဲ့ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးခြင်းအားဖြင့် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၃၀ ကို ရွေးကောက်တင်မြှောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

**"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦး ထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်တာဟာ လျော်ကန်သင့်မြတ်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၆ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမယ့်မူများချမှတ်စဉ်က– အမျိုးသားလွှတ်တော် ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး အပိုဒ်(က)တွင် **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ"**ဟု လည်းကောင်း၊ အပိုဒ် (ခ)တွင် **"ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့်"** လည်းကောင်း သတ်မှတ်ထားပါသည်။ အဲဒီလို ပြည်ထောင်စုနယ်မြေများ အပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့်တိုင်းများတွင် ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးသည့်နောက် ထူးခြားသည့် အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီးသည့်နောက် သတ်မှတ်သည့် နယ်မြေများကို ဖော်ညွှန်းထားခြင်းဖြစ်ပါတယ်။ သို့သော် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် **"ပြည်ထောင်စုနယ်မြေများ"** ရှေ့တွင် **"သက်ဆိုင်ရာ"**ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်ပါတယ်။

ဒါကြောင့်–

**"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးကျစီပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက် တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး**

**(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုလိုသည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်တာဟာ သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၄ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသား ညီလာခံစုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့ စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏ မြို့တော်သည် နေပြည်တော် ဖြစ်ပါတယ်။ ထို့ကြောင့် ချမှတ်ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့် မူပါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်ကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။

ထို့ကြောင့် ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့တဲ့ အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် **"ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ပါသည်"** ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ဆီလျော်မှုမရှိတော့သဖြင့် ပယ်ဖျက်သင့်ပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး

၅။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

**"(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်ခြင်းဟာ ဆီလျော်မှုရှိပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရန် ဆီလျော်မှုရှိပြီးဖြစ်သည့်အတွက် ၁၉၉၆ခုနှစ်၊ မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့် မူများအနက် အပိုဒ် ၃၅ ပါ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ချမှတ်ထားသော အသေးစိတ်အခြေခံရမည့် မူများတွင် ပါရှိသည့် "ရန်ကုန်မြို့တော်" ဟူသော စကားရပ်အစား "နေပြည်တော်" ဟု လည်းကောင်း၊ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူအပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင် အဖြစ် "ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ"ဟု ဖော်ပြထားသည့် စကားရပ်အစား "နေပြည်တော်ကောင်စီဥက္ကဋ္ဌ"လို့ ဖြည့်စွက်တာဟာ ဆီလျော်မှုရှိပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်ခွဲငယ်(က)ရှိ "တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"ဆိုတဲ့စကားရပ်အစား "တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်"လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်တာဟာ သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့တကွ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောပမာ အရေးကြီး လိုအပ်ပါတယ်။ ကျွန်ုပ်တို့နိုင်ငံလည်း အဲဒီလို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာနိုင်ရေးအတွက် ဆယ်စုနှစ်ကျော်ကာလ တစ်ခု အချိန်ယူပြီး ရေးဆွဲလျက်ရှိနေပါတယ်။ ဒီကနေ့အချိန်အထိ ကျွန်ုပ်တို့ ညီလာခံကိုယ်စားလှယ်များအနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲတဲ့ နေရာမှာ အခန်းခေါင်းစဉ်အလိုက် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများကို အမျိုးသားညီလာခံက အောင်မြင်စွာ ချမှတ်နိုင်တော့မှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲဖွဲ့စည်းခြင်းသည် ခေတ်နောက်ကျ၍ မသွား၊ ခေတ်နဲ့ယှဉ်၍သာ တိုးတက်ကြီးပွားလျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ဖို့၊ အများပြည်သူလူထုအကျိုးပြု အာမခံမှုရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အစွန့်ရှည် တည်တံ့ခိုင်မြဲရေး အတွက် အားနည်းချက်များ၊ ဟာကွက် ပျော့ကွက်များ မရှိရလေအောင် ကမ္ဘာ့နိုင်ငံများ၏ ဖြစ်ပေါ်ပြောင်းလဲမှုနဲ့ နိုင်ငံတော်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေမှုရှိစေရန်အတွက် ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လိုအပ်သလို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့ဖော်ပြခြင်း၊ ထပ်မံဖြည့်စွက်ခြင်းစတဲ့ ကိစ္စရပ်များကို စိစစ်ချမှတ် ရေးဆွဲသွားရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမည့်မူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမယ့်မူနှင့် အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များ ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲဆောင်ရွက်ခွင့် ပြုသင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ။

## NLD ပါတီသည် နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင် ဟသ္သာတမြို့နယ်မှ ပါတီဝင်(၁၃)ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၁၄**

ဧရာဝတီတိုင်း ဟသ္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးခင်မြင့်စိုး၊ ဦးမြင့်ဌေး၊ ဦးအောင်ကျော်ဒွန်း၊ ဦးအရွှင်နှင့် ဦးမိုးကျော်တို့အပါအဝင် ပါတီဝင်(၁၃)ဦးတို့သည် ဩဂုတ် ၂ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဟသ္သာတမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအင်အားစုများအတွင်း ညီညွတ်ရေးကို ပစ်ပယ်၍ အာဏာထူထောင်ရေးကိုသာ တောင်းဆိုနေကြောင်း၊ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းကို ရေးရှုလုပ်ဆောင်နေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ခြင်း လုံးဝမရှိကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ယနေ့ဖော်ဆောင်ပေးနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ကျေနပ်လက်ခံပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လိုသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅–၈–၂၀၀၇ ရက်(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ နတ်သားတောရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (စီးပွားရေးပညာအထူးပြု) [စီးပွားရေးပညာ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၅ ၆။ သီးချင်းကြီးပဒေသာ
- ၁၇:၂၅ ၇။ "ငါးရစ်မျိုးငါး တို့မစား" ဇော်၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ–ရဲဝင်းနီ)
- ၁၇:၃၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၄၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၀ ၁၃။ အကပြိုင်ပွဲ
- ၁၉:၀၅ ၁၄။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားဆောင်ရွက်မှု
- ၁၉:၂၀ ၁၅။ အတီးပြိုင်ပွဲ
- ၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အောင်ပန်းမြို့မှ မက်မွန်နှင့် မက်မန်း)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ (ရုပ်သေး)"သဒ္ဒါသုမနဇာတ်တော်ကြီး" (တတိယဆု) (စစ်ကိုင်းတိုင်း)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

# နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည် ပြည်ထောင်စုတရားလွှတ်တော် စကားရပ်အစား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟု ဖြည့်စွက်ချမှတ်ရန်သင့်

ရန်ကုန် ဩဂုတ် ၁၄

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာမူထန်၊ ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့သုံးဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်—**

**လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—**

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ သဘာပတိကြီးနဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်—

**သဘာပတိကြီးခင်ဗျား—**

အမျိုးသားညီလာခံက ယခင်ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံရမယ့်မူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအား ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်နဲ့ ကျွန်တော်အပါအဝင် သုံးဦးတို့က အသေးစိတ်လေ့လာ၊ ညှိနှိုင်း၊ ဆွေးနွေး တိုင်ပင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ လေ့လာတွေ့ရှိချက်များအပေါ် အခြေခံပြီး အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် **“နိုင်ငံတော်အခြေခံမူများအခန်း”**အတွက် နိုင်ငံတော်အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီလိုချမှတ်ခဲ့တဲ့ အခြေခံမူများအပေါ် အခြေခံပြီး ကျန်အခန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။ **နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ဒီအခြေခံမူတွေနဲ့အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။** ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုပါက ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုကို အဟန့်အတား အနှောင့်အယှက်များ ဖြစ်ပေါ်လာစေမှာ ဧကန်မုချ ဖြစ်ပါတယ်။ ဒီအတွက် ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့် မူတစ်ရပ် ချမှတ်ထားဖို့လိုအပ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်းကောင်း၊ အိမ်နီးချင်း နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေများမှာလည်းကောင်း အလားတူပြဋ္ဌာန်းထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)တွင် **“နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ”**ဆိုတဲ့ စကားရပ်ကိုဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ **“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း”**အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀ အဖြစ် **“ဤအခန်းပါ ‘နိုင်ငံတော်’ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်”**လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမယ့်မူပါ ဖော်ပြချက်အရဆိုရင် **‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း’**ရှိ **‘နိုင်ငံတော်’**ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင်သက်ဆိုင်မယ့်သဘော သက်ရောက်နေပါတယ်။

အခန်း(၁)ဖြစ်တဲ့**“နိုင်ငံတော် အခြေခံမူများအခန်း”**တွင်လည်း**‘နိုင်ငံတော်’** ဆိုတဲ့ စကားရပ်များ အများအပြားပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီစကားရပ်နဲ့ စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း ၂၊ ပုဒ်မ ၉တွင် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်းကောင်း ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် တစ်ခါတစ်ရံ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးတာရှိနိုင်ပါတယ်။ အဲဒီလို အခြေအနေမျိုးရှိလာခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာပေါ်ပေါက်နိုင်ပါသဖြင့် နောင်အငြင်းပွားစရာများ မပေါ်ပေါက်ရလေအောင် ယခုကတည်းက

**ဖတ်ကြား တင်ပြ**

**တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် သုံးဦး စုပေါင်း တင်ပြသည့် ဆွေးနွေး အကြံပြုချက် စာတမ်းကို ဦးအောင်သိန်း ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

အသေးစိတ်အခြေခံရမယ့်မူတွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြထားသင့်ပါတယ်။ ဒါကြောင့်**“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းပါ ဤအခန်းနှင့် အခန်း(၁)နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့် အာဏာကိုသော်လည်းကောင်း၊ ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

၁၉၉၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် ရှင်းလင်းတင်ပြခဲ့စဉ်က ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းသတ်မှတ်ရာတွင်**“တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ”** ဖြစ်ရမယ်လို့ ဖော်ပြပါရှိခဲ့ပါတယ်။ ဒါပေမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအတွက် သတ်မှတ်ရာတွင်မှ **“အနည်းဆုံး”**ဆိုတဲ့ စကားရပ်မပါရှိခဲ့တာကို တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်အတွက်လည်းကောင်း၊ နောင်တစ်ချိန်တွင် အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်အတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်းအပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ **“တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅ နှစ် လိုက်ပါဆောင်ရွက်သူ”**စကားရပ်အစား **“တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

၁၉၉၃ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ**“နိုင်ငံတော်အခြေခံမူများအခန်း”**အတွက် အခြေခံမူများ ချမှတ်ခဲ့စဉ်က အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၄)တွင်**“စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး”**ဟုလည်းကောင်း၊ အပိုဒ် (ဂ)တွင်**“နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်”**ဟုလည်းကောင်း၊ အပိုဒ်(လ)တွင် **“နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်”**ဟု လည်းကောင်း ဖော်ပြပါရှိခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးပါတီများအခန်း အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင်မှ **“နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးရမည်”** လို့ ဖော်ပြခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ အနာဂတ်ကာလ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေလို၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် ရှေ့နောက်စကားရပ် ညီညွတ်စေရန်အတွက်လည်းကောင်း **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”** လို့သာ သုံးနှုန်းသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **“စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်”** ဆိုတဲ့ စကားရပ်အစား**“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်ခဲ့စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမယ့်မူများအဖြစ် အပိုဒ်ခွဲ(၁)၊ (၂)နှင့် (၃)တို့တွင် **“ပြည်ထောင်စုတရား လွှတ်တော်”**ဟု သုံးနှုန်းဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ အပိုဒ် (၁)မှ အပိုဒ်(၉) အထိနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊အပိုဒ် (၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမယ့်မူများတွင်မှ**“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”**လို့ သုံးနှုန်းဖော်ပြထားတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်၍ တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **“တရားလွှတ်တော်”**ဆိုတဲ့ စကားရပ်နှင့် တူညီမှုမရှိဘဲ ကွဲပြားပေါ်လွင်စေရန်အတွက်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်အတွက်လည်းကောင်း **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”** လို့သာ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ဈ) အပိုဒ်ခွဲငယ် (၁)၊ (၂)နှင့် (၃)တို့ရှိ **“ပြည်ထောင်စုတရားလွှတ်တော်”**ဆိုတဲ့ စကားရပ်အစား “ပြည်ထောင်စု တရားလွှတ်တော်ချုပ်” လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

၁၉၉၆ခုနှစ် မတ်လ ၂၉ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ်(၂၂)၊ အပိုဒ်ခွဲ(ဇ)တွင် **“သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌအားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”**လို့ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အပိုဒ်(၂၂)၊ အပိုဒ်ခွဲ(ဇ)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံနေပေမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအတွက် သတ်မှတ်ထားတဲ့ အသက် (၃၅)နှစ်နဲ့ ပတ်သက်ပြီး အသက်(၃၅)နှစ်အောက် လျော့နည်းနေသူများ ဖြစ်လာနိုင်ဖွယ်ရာ ရှိပါတယ်။

ဒါ့အပြင် အထက်အပိုဒ် (၂၂)၊ အပိုဒ်ခွဲ (ဇ)တွင် **“နိုင်ငံတော်သမ္မတသည် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”**လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေဖြင့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘောမျိုး သက်ရောက်နေပါတယ်။ ဒါကြောင့် မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်းများ မပေါ်ပေါက်စေရန်အတွက်လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ်(၂၂)၊ အပိုဒ်(ဇ)ကို **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်သတ်မှတ်ရန် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းမှာပါရှိတဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရဲ့ တာဝန်ခံမှုနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရဲ့ တာဝန်ခံမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာတွင် အရေးအသား၊ အသုံးအနှုန်းများ ရှင်းလင်းလွယ်ကူမှုရှိစေရန်အတွက်—

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်—

**“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်—**
**(၁) သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**
**(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”**

ဟုလည်းကောင်း၊

အပိုဒ် ၃၁ အပိုဒ်ခွဲ(င)အဖြစ်—

**“တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်—**
**(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။**
**(၂) ပြည်ထောင်စု စာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”**

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

*စာမျက်နှာ ၁၄ ကော်လံ ၁*

စာမျက်နှာ ၁၃ မှ

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ပင်မဥပဒေကြီး ဖြစ်သည့်အားလျော်စွာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ရေရှည်လိုက်နာကျင့်သုံး ကြရမှာဖြစ်ပါတယ်။ အမျိုးသားညီလာခံက ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူအဖြစ်–

**“(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကို ပြည်သူ့လွှတ်တော်ဟုလည်းကောင်း၊**

**(ခ) တိုင်းဒေသကြီးများနှင့်ပြည်နယ်များမှ လူဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့်လွှတ်တော်ကို အမျိုးသားလွှတ်တော်ဟုလည်းကောင်း သုံးနှုန်းရမည်”**

လို့ ချမှတ်ခဲ့ကြပါတယ်။

အထက်ဖော်ပြပါအတိုင်း ပြည်သူ့လွှတ်တော်အား လူဦးရေကို အခြေခံသည့်လွှတ်တော်ဟု သုံးနှုန်းထားခြင်းအားဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ လူဦးရေတစ်ခုတည်းကိုသာ အခြေခံ၍ ရွေးကောက်တင်မြှောက်ရန် ရှိနေမှာဖြစ်ပါတယ်။ အဲဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်ရမည်ဟု မူတစ်ရပ်ပါရှိသွားပါက တစ်မြို့နယ်လျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရန် ဖြစ်နိုင်တော့မည်မဟုတ်ပါ။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ မြို့နယ်တွေဟာ လူဦးရေအားဖြင့် အနည်းအများသာ ကွာခြားမှု ရှိနေပေမယ့် မြို့နယ်တိုင်းလိုလိုမှာ တိုင်းရင်းသားလူမျိုးများအားလုံး စုပေါင်းနေထိုင်လျက်ရှိကြပါတယ်။ လူဦးရေကိုအခြေခံပြီး မြို့နယ်အလိုက် မဲဆန္ဒနယ်များကို သတ်မှတ်ရွေးကောက်တင်မြှောက်ခြင်း အားဖြင့် ပြည်သူ့လွှတ်တော်မှာ တိုင်းရင်းသားလူမျိုး အများအပြား ပါဝင်ခွင့်ရှိစေမှာဖြစ်ပါတယ်။

သို့ဖြစ်၍ အသေးစိတ်အခြေခံရမည့်မူများတွင် မူလရည်ရွယ်ချက်များ တိကျပီပြင်စွာဖြစ်ပေါ်လာစေရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်ရမည်ဟု ဖော်ပြသင့်ပါတယ်။

အကယ်၍ မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်း၍ မြို့နယ်ပေါင်း ၃၃၀ထက်ကျော်လွန်လာခဲ့ပါက အသစ်ပြန်လည်ဖွဲ့စည်းလိုက်တဲ့ မြို့နယ်တွေကိုလည်း ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါတယ်။ ဒါကြောင့် ရေရှည်အသုံးပြုနိုင်သော မူတစ်ရပ်ဖြစ်လာစေရေးအတွက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး–

**“ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–**

**(က) မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း မြို့နယ် ၃၃၀ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည် စာရင်းတင်သွင်းသည့် ၁၁၀ဦးထက် မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး အပိုဒ်(က) နှင့် (ခ)တွင် **“ပြည်ထောင်စုနယ်မြေများအပါအဝင်”**ဟုဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့် တိုင်းများတွင်ပါဝင်ခဲ့ပြီး၊ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ်ပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကို ဖော်ညွှန်းတဲ့သဘောသဘာဝဖြစ်ပါတယ်။ သို့ဖြစ်၍ စကားလုံးအသုံးအနှုန်းတွင် ပိုမိုတိကျမှုရှိစေရန်အတွက် **“ပြည်ထောင်စုနယ်မြေများ”**ရှေ့တွင် **“သက်ဆိုင်ရာ”**ဟူသော စကားရပ်ကိုဖြည့်စွက်ဖော်ပြသင့်ပါတယ်။ ဒါကြောင့်

**“အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်–**

**(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ဦး၊**

**(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ဦး၊**

**(ဂ) အထက်ပါ အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ဖော်ပြထားသည့် အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေ များသည်လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စ အလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၉၄ခုနှစ်၊ ဧပြီလ(၉)ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း နှင့်စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

**“(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ) ထူးခြားသောအခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည်။”**

စသည်ဖြင့် အသေးစိတ်အခြေခံရမယ့်မူများတွင် ပါရှိခဲ့ပါတယ်။

နိုင်ငံတကာအစဉ်အလာအရ ဗဟိုအစိုးရရုံးစိုက်ရာမြို့ကို နိုင်ငံရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး၊ အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့်တကွ ဗဟိုအစိုးရရုံးများ နေပြည်တော်တွင်ရုံးစိုက်လျက်ရှိနေကြပြီဖြစ်ရာ နိုင်ငံတော်၏မြို့တော်သည် နေပြည်တော်ဖြစ်နေပါတယ်။ ထို့ကြောင့် အထက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူအပါ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ဟူသော စကားရပ်ကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။ ထို့အတူ ကိုကိုးကျွန်းမြို့နယ်ကိုလည်း နိုင်ငံတော်သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူကိုလည်း ပယ်ဖျက်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း–

**“(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။**

**(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည် တို့နှင့်စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်။**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ အစည်းအဝေး၌ **“နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း”** အပိုဒ် ၂တွင် **“နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်”** လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပြီးဖြစ်ရာ–

၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉နှင့်၃၀ရက်နေ့များတွင် ချမှတ်ထားခဲ့သော အသေးစိတ်အခြေခံရမယ့်မူများအနက် အပိုဒ် ၃၅ပါ ပြည်ထောင်စုနယ်မြေ ဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမယ့်မူအဖြစ်လည်းကောင်း၊

အပိုဒ် ၃၆ပါ ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံ ရမယ့်မူများတွင်လည်းကောင်း၊ ရန်ကုန်မြို့တော်ဟူသော စကားရပ်အစား **“နေပြည်တော်”**ဟုပြင်ဆင်ဖြည့်စွက် ချမှတ်ရန်သင့်လျော်ပါကြောင်း၊

ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားပြီးဖြစ်သော အသေးစိတ် အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် **“ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ”**ဟု ဖော်ပြထားသည့် စကားရပ်အစား **“နေပြည်တော်ကောင်စီဥက္ကဋ္ဌ”**လို့ ပြင်ဆင်ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း။

တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆၊ အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)ရှိ **“တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”** ဆိုတဲ့စကားရပ်အစား **“တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်”** လို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်၊ ဖြည့်စွက်၍ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နောင်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုစသည်တို့ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူ ခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်ပါရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်မှာ လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြရင်း ကျွန်တော်တို့သုံးဦး စုပေါင်းပြုစုထားတဲ့အကြံပြုစာတမ်းကို နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ ။

**အမည်ပြောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့ အလက (အစိုးရအလယ်တန်းကျောင်း) အဋ္ဌမတန်း(ဘီ)မှ အဖ ဦးသန်းဌွေး ၁၂/မရက(နိုင်)၀၁၂၀၀၈၏သမီးဖြစ်သူ မခင်ထက်ထက်လင်းအား မဆုမြတ်သန်းဌွေး ဟုပြောင်းလဲခေါ်ပါရန်။

**မဆုမြတ်သန်းဌွေး။**

**ကျေးဇူးဆပ်ပါမည်**

ကျွန်မ ဒေါ်ဆွေဆွေသိန်း ကား နံပါတ် ၈ခ/၃၃၄၃ အခွန်ကျေပုံစံ(၁) အစိမ်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်အတိုင်း ဆက်သွယ်ပေးပို့ရန်။ **ဒေါ်ဆွေဆွေသိန်း**

**ဖုန်း–၀၁–၅၀၃၆၁၉။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဗ/၃၅၈၇ Toyota Cresde Mark II SIL ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြတ်အေး ၁၂/ သကတ(နိုင်)၁၃၆၉၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊အရှေ့ပိုင်းခရိုင်ရုံး၊**
**(ရန်ကုန်မြို့)။**

သစ်ပင်
စိုက်ပါ
နိုင်ငံကမ္ဘာ
သာယာ
လှပ
စိမ်းမြမြ

## ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဟောပြော စာကြည့်တိုက်များရေရှည်တည်တံ့ရေး စာအုပ်လှူဒါန်း

ပင်လုံ ဩဂုတ် ၅

**လွိုင်လင်ခရိုင် ပင်လုံမြို့ နောင်လိုင်ကျေးရွာအုပ်စု နောင်မတ်မူးကျေးရွာဘုန်းကြီးကျောင်း၌ ဇူလိုင် ၂၂ရက် နံနက် ၁၁နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ထွင့်ဦးရှိန်က ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဟောပြောသည်။**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နန်းမြင့်မြင့်ဆွေက ဖွင့်လှစ်ပြီးသည့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောကာ ကျေးရွာစာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့လှူဒါန်းသော စာအုပ် ၇၀ကို လှူဒါန်းရာ ဆရာတော် ဦးဗုဒ္ဓပီယက လက်ခံယူသည်။ **(ဝဲပုံ)**

**တက်ရောက်**

အဆိုပါ ဟောပြောပွဲသို့ ပင်လုံအရှေ့ကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာအုပ်စုနှင့် လွိုင်လင်အရှေ့ကျေးရွာအုပ်စုတို့မှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် ကမာရွတ်မြို့နယ် အမှတ် ၁၃၃ သံလွင်လမ်းနေ ဒေါက်တာ ဦးချန်တီ-ဒေါ်ခင်ဖွား(လူမှုထူးချွန်)မိသားစုတို့က ငွေကျပ် ၇၅သိန်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဝေဠုဝန်နိကာယဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလှထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ဖလမ်းမြို့နယ် ခိုင်မာကျေးရွာ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်နှင့် စာအုပ်များလှူဒါန်း

**ဖလမ်း ဩဂုတ် ၅**

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ခိုင်မာကျေးရွာ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်နှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် ညနေ ၃နာရီက ဗားလုံကျေးရွာ ဗားလုံစာကြည့်တိုက်တွင် ကျင်းပသည်။

**အမှာစကား**

အခမ်းအနားတွင် ဗားလုံကျေးရွာ ဥက္ကဋ္ဌ ဦးဘွဲ့ဒဲင်ထန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်းဟမ်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းရာ ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်တာဝန်ခံများနှင့် ကျေးရွာပြည်သူများက ပြန်လည်ဆွေးနွေးကြသည်။

**လက်ခံ**

ထို့နောက် အဆိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်ကို ဦးဘွဲ့ဒဲင်ထန်းက လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးထလျန်ဟရန်းက လက်ခံယူပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသော စာအုပ်မျိုးစုံ အုပ် ၁၀၀ကို စာကြည့်တိုက်တာဝန်ခံ ဦးနိုင်ကုန်းက လက်ခံယူသည်။

**ဆွေးနွေး**

အလားတူ ဇူလိုင်၁၈ရက် မွန်းလွဲ ၁နာရီက လုမ်တန်းကျေးရွာ လူရ်မှုန်းစာကြည့်တိုက်တွင် စာအုပ်စာပေ တိုးပွားရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေးတို့ကို ရုပ်သံကျွမ်းကျင်(၃) ဦးထလျန်ဟရန်းက ဆွေးနွေးသည်။

**လှူဒါန်း**

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ၂၁ လက်မ ရုပ်မြင်သံကြားပြစက်ကို ဒေါ်နိုင်လှင်က လှူဒါန်းရာ ရုပ်သံကျွမ်းကျင်(၃)ဦးထလျန်ဟရန်းက လက်ခံယူပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်မျိုးစုံ အုပ် ၁၀၀ကို ကျေးရွာဥက္ကဋ္ဌ ဦးနိုင်ကျဲအိုက လက်ခံယူကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့သည့် လိပ်ကျကျေးရွာ စိမ့်စမ်းရေသွယ်တန်းထားမှုနှင့် လုပ်ငန်းလည်ပတ်နိုင်မှု ရှိမရှိကို ဩဂုတ် ၅ရက်က အမှုဆောင်အရာရှိ ဦးကျော်ချို မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ဇင်ဇင်သက်တို့ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

## ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ ကြို့ပင်ကောက်၌ကျင်းပ

**ကြို့ပင်ကောက် ဩဂုတ် ၅**

ပဲခူးတိုင်း (အနောက်ပိုင်း )ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကို ဇူလိုင် ၂၉ ရက် နံနက်၈နာရီက ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးပြီး ဟိတေသီအဖွဲ့ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းကာ ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဖွဲ့ ကဗျာများကို ရွတ်ဆိုပူဇော်ကြသည်။

**ဟောကြား**

ဆက်လက်၍ ဗောဓိရိပ်သာကျောင်းတိုက်ပဓာနနာယက(ပြည်တွင်း၊ ပြည်ပ သာသနာပြု) အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သောနကထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာတရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

**ဆက်ကပ်**

ထို့နောက် ကြို့ပင်ကောက်၊ ရန်ကုန်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖိုနှင့် ဇီးကုန်းစသော မြို့များမှ အလှူရှင်များက ဆရာတော်ကြီးနှင့် ဝါဆိုတော်မူကြသည့် သံဃာတော်အပါး ၂၀၀ကျော်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြကြောင်း သိရသည်။ **(ဝ၄ဝ)**

**ပင်လောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အောင်ပန်း-လွိုင်ကော်လမ်း အနီးမြို့အဝင် ဆိုင်းဘုတ် ပတ်ဝန်းကျင်သာယာလှပရေး လုပ်ငန်းကို ဇူလိုင် ၁၇ ရက်က အမှုဆောင် အရာရှိ ဦး ကျော် စိုး နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကိုကိုနိုင်တို့ ကြပ်မတ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မိုင်းဖြတ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ချို့တဲ့ကျောင်းသားများ ပညာသင်ထောက်ပံ့

**မိုင်းဖြတ် ဇူလိုင် ၃၀**

မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ချို့တဲ့ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၁၆ရက် နံနက် ၉နာရီက အထကသိပ္ပံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေက ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထောက်ပံ့ငွေကျပ်တစ်သိန်းကို မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းယွန်းက အလယ်တန်းဆင့် ကျောင်းသားကျောင်းသူ ၁၀ဦးအားလည်းကောင်း၊ ခရိုင်အသင်းအတွင်းရေးမှူး ဦးထွန်းရွှေက အထက်တန်းဆင့် ကျောင်းသားကျောင်းသူ ၁၀ဦးအား လည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းကျောင်း ၂၀ မှ ချို့တဲ့ ကျောင်းသားကျောင်းသူ ၁၀၀အား ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ်နှင့်ခဲတံများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ ကြက်ဆူပင်စုပေါင်းစိုက်ပျိုး

**ပန်းတနော် ဩဂုတ် ၈**

ပန်းတနော်မြို့နယ် ကဇင်ငူကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ ဒေသအရန် မီးသတ်တပ်ခွဲရုံးရှေ့ရှိ အမှတ်(၁) အရန် မီးသတ်တပ်ရင်းရုံးစိုက်ခင်း၌ ဩဂုတ် ၅ ရက် နံနက် ၈နာရီက မိုးရာသီ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဦးမင်းညွန့်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** (၃၂၇)

## အရန်သားဖွားသင်တန်းဆင်းပွဲ မင်းတပ်၌ကျင်းပ

**မင်းတပ် ဩဂုတ် ၆**

ချင်းပြည်နယ်မင်းတပ်ခရိုင် ကျန်းမာရေးဦးစီးဌာနနှင့် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေး စီမံကိန်းတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၉နာရီက ခရိုင်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မင်းတပ် ခရိုင်ဆရာဝန်ကြီး ဒေါက်တာဦးအောင်လွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ထူးချွန်သင်တန်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး သင်တန်းဆင်းလက်မှတ်များနှင့် ကတ်ပုံးများ ပေးအပ်ကြသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ခရိုင်၊မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေး စီမံကိန်းမှ တာဝန်ရှိသူများ၊သင်တန်းနည်းပြများနှင့်သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းကို စာတွေ့၊လက်တွေ့ လေးလကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၃၁ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးအတွင်း ယင်လုံအသားရုံများ သန့်ရှင်းသပ်ရပ်စွာ ရောင်းချမှုအခြေအနေကို ဇူလိုင် ၁၀ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ကျန်းမာရေးမှူး(၂) ဦးလင်းလင်းတို့က လိုက်လံရှင်းလင်း တင်ပြစဉ်။** (မြို့နယ် စည်ပင်)

ပဲခူးတိုင်း အိုးသည်ကုန်းမြို့ ၂ လမ်းနေ ဦးစောလွင် -ဒေါ်တင်အေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက်အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## စက်ရေတွင်း ထိန်းသိမ်းမှုနှင့် ကျန်းမာရေး ပညာပေးဟောပြော

**မြင်းခြံ ဩဂုတ် ၈**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် ဩဂုတ် ၅ ရက်က အင်ဂျင်နီယာမှူး ဦးကျော်သူအောင်၊ အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ဦးလင်းလင်းထွန်း၊ ဦးမြအေး၊ ကျန်းမာရေးမှူး(၂) ဦးတင်ဝင်းလှိုင်တို့နှင့်အတူ သင်ပြွန်းကျေးရွာအုပ်စု ညောင်ပင်ရွာတွင် ကျေးလက်စက်ရေတွင်း သက်တမ်းရှည်ကြာစွာ သုံးစွဲနိုင်ရေးအတွက် ထိန်းသိမ်းမှု ပညာပေးခြင်းနှင့် ကျေးလက်ပြည်သူများ ကျန်းမာရေး အသိပညာပေး ဆွေးနွေး ဟောပြောခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မန္တလေးတိုင်း ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့နေ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရဲအောင်-မအေးအေးနိုင်၊ သား မောင်ကောင်းတေဇာနိုင် မိသားစုက ကျောင်းအလှူငွေကျပ် ကိုးသိန်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)ရှေ့မှောက်၌ လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

## ဖြူးမြို့၌ ပျောက်ဆုံးပစ္စည်းများ ပိုင်ရှင်ထံပြန်လည်အပ်နှံ

ဖြူး ဩဂုတ် ၆

**တောင်ငူခရိုင် ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူး၏စီစဉ်မှုဖြင့် ညောင်ပင်သာရဲစခန်း (ပ)၆၅/၂၀၀၇-ပုဒ်မ ၃၈၁ အမှုမှ ပျောက်ဆုံးသွားသော သက်သေခံပစ္စည်းများကို ပြည်သူများစိတ်ချမ်းသာမှုရရှိရေး ဦးတည်ချက်ဖြင့် ပိုင်ရှင်များထံ ပြန်လည်အပ်နှံသည့် အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးသိမ်းတို့က အမှာစကား ပြောကြားကြပြီး ညောင်ပင်သာစခန်းမှူး ရဲအုပ်ဇော်ဝင်းက အမှုဖြစ်စဉ်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပျောက်ဆုံးပစ္စည်း ရွှေလက်ကောက်ရစ်ကွင်း အလေးချိန် လေးကျပ်သားနှစ်ပဲနှစ်ရွေး ကာလတန်ဖိုးငွေကျပ် ၁၆ သိန်း ငါးသောင်းနှင့် ငွေကျပ် လေးသိန်း စုစုပေါင်းငွေကျပ် သိန်း၂၀ ငါးသောင်းကို ပိုင်ရှင်ညောင်ပင် သာရွာနေ ဆန်ပွဲရုံပိုင်ရှင် ဦးသံချောင်းထံ ညောင်ပင်သာစခန်းမှူး ရဲအုပ်ဇော်ဝင်းက ပြန်လည်ပေးအပ်ရာ**(အပေါ်ပုံ)** ပိုင်ရှင်ဦးသံချောင်းက ကျေးဇူးတင်စကား ပြောကြားသည်။

### တရားစွဲ

အမှုကို အမှုစစ်စခန်းမှူးရဲအုပ်ဇော်ဝင်းက ဇူလိုင် ၂၇ရက်တွင် ဖြူးမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ထားကြောင်း သိရသည်။ **(၂၈၄)**

**မိုင်းခုတ်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များစုပေါင်း၍ ဇူလိုင် ၃ ရက်က လမ်းဘေး အရိပ်ရပင်များ စိုက်ပျိုးမှုကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်ထူးနှင့် တာ ဝန် ရှိ သူ များ ကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းကျောင်း စက်ချုပ်နှင့်သိုးမွေးစက်ဆွဲသင်တန်းများဆင်း

**တီးတိန် ဩဂုတ် ၁၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၅/၂၀၀၇)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၁/၂၀၀၇)၊ သိုးမွေး စက်ဆွဲသင်တန်း အမှတ်စဉ် (၉/၂၀၀၇) နှင့် ကြိမ်၊ ဝါးသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဆင်းပွဲကို ဩဂုတ်၈ရက် နံနက်၉နာရီက တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ ကျောင်းအုပ်ကြီး ဒေါ်အေးမေက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဖလမ်း၌ ကျန်းမာရေးအသိပညာပေး ဆွေးနွေး

**ဖလမ်း ဩဂုတ် ၁၀**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ရက် မွန်းလွဲ ၁နာရီက ဖလမ်းမြို့ သဇင်ဆောင်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်က အဖွင့်အမှာစကားပြောကြားပြီး ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာဇော်ဇော်က ဝမ်းလျှော၊ဝမ်းပျက်ရောဂါ အကြောင်းကိုလည်းကောင်း၊ မေ့ဆေးအထူးကုဆရာဝန် ဒေါက်တာ ခင်မောင်သောင်းက ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်းကိုလည်းကောင်း၊ ခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်က ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြော ဆွေးနွေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်**
**၁၆-၈-၂၀၀၇ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဒီဂျစ်တယ်ချိန်တွယ်စက်များ အကြောင်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မြန်မာ့ခရီးသွားဥယျာဉ် အတွင်းမှပန်းပွင့်ဟိုတယ်များ (ချစ်ဆွေမြင့်)
(၂) အံ့ဖွယ်ထူးခြားဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိကျင့်စဉ်နှင့် ဩဝါဒပထမတွဲ (ကျော်ဇောဟိန်း-နံ့သာ)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ခါးမကိုင်းဘဲ နားမထိုင်းရအောင်-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ (ချောကလက်)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မောင်ပေါက်ကျိုင်းလိုလူစား (နီနီဝင်းရွှေ)
(၂) မောင်ပေါက်ကျိုင်းရဲ့ချစ်တဲ့သူ (ဟသ်ာတထွန်းရင်)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ဖေဖေ့ပုံရိပ်)

၁၉:၃၅ ခေတ်မရွေးသောတေးများ
(၁) ချစ်ကျိုးတော်ဆောင် (အောင်ချင်း)
(၂) ချစ်သည်းစွဲ (မေခလာ)
(၃) လှေကလေး (ကိုင်ဇာ)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်မြားဆူးသောနှလုံးသား (အိဖြူ)
(၂) အချစ်လှေလေးမှောက်မှာစိုးတယ် (ခင်မောင်လွင်)
(၃) မောင့်ချစ်ဆိပ်ရည် (နှင်းရည်သန့်)

## အမြို့မြို့ အနယ်နယ် သတင်းများ

**မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များ၊ ရေဆိုးများ မရှိစေရေး ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ဇူလိုင် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## အိမ်မဲမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်

**အိမ်မဲ ဩဂုတ် ၂**

အိမ်မဲမြို့နယ် ဝဲကြီးကူကျေးရွာအုပ်စု၏ ဆိုင်းဘုတ်ဖွင့်ပွဲနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရှေးဦးစွာ ကျေးရွာဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်ရှိန်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံကို မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်ရှိန်၊ ကျေးလက်ကျန်းမာရေးမှူး ဦးဌေးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

## စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ရေတာရှည်၌ ကျင်းပ

ရေတာရှည် ဩဂုတ် ၅

**ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ သံဃာတော်များ ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်၂၉ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။** (အပေါ်ပုံ)

### သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တသုစိတြက ဩဝါဒကထာ မြွက်ကြားပြီး ငါးပါးသီလခံယူ ဆောက်တည်ကြကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်း၊မြို့နယ် သံဃာ့ဝန်ဆောင် ဆရာတော်ကြီး ၃၂ ပါးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

### အမျှပေးဝေ

ဆက်လက်၍ ရေတာရှည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ သံဃာတော် ၂၇ ပါးအား မြို့နယ်ဥက္ကဋ္ဌက ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေကျပ် ၄၅၉၀၀၀ ကို ဆက်ကပ်လှူဒါန်းပြီး မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသောပိတက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်းသိရသည်။**(က-ပ)**

**ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွန့်ဦးဆောင်၍ အလယ်ပိုင်းရပ်ကွက် လမ်းမတော်လမ်း ရေမြောင်းအတွင်း ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းမှုကို ဩဂုတ် ၁၂ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## နေပြည်တော်တပ်ကုန်း စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်နှင့်ထောက်ပံ့ငွေပေးအပ်

နေပြည်တော်တပ်ကုန်း ဩဂုတ် ၁၄

**နေပြည်တော်တပ်ကုန်း စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်နှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၁၅ရက် နံနက် ၉နာရီက နေပြည်တော်တပ်ကုန်း စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင်(၁) ဒုတိယရဲမှူး အေးသိဏ်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်ကို(ငြိမ်း)တို့က အမှာစကား ပြောကြားကြသည်။

### အလှူငွေ

ထို့နောက် မသန်စွမ်းစစ်မှုထမ်းဟောင်း ၂၀အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့်လည်းကောင်း၊တက္ကသိုလ်ဆင့်ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၁၂ဦး၊ အထက်တန်းဆင့်တစ်ဦးလျှင် ငွေကျပ် ၄၀၀၀နှုန်းဖြင့် ၁၆ဦး၊ အလယ်တန်းဆင့် တစ်ဦးလျှင် ငွေကျပ်၃၀၀၀ နှုန်းဖြင့် ၃၁ဦး၊ မူလတန်းဆင့် တစ်ဦးလျှင် ငွေကျပ်၂၀၀၀နှုန်းဖြင့် ၃၁ဦးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ် သဒ္ဓါရှိက လူမှုကူညီရေးအသင်းသို့ အလှူငွေကျပ် တစ်သောင်းတို့ကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်ကို(ငြိမ်း)နှင့် တာဝန်ရှိသူများက ပေးအပ်ကြရာ စုစုပေါင်းငွေကျပ် ငါးသိန်း ဖြစ်ကြောင်း သိရသည်။ **(၂၆၆)**

## ပြည်မြို့ မဟာအောင်မြေ အောင်စေတီ ရွှေထီးတော်တင်လှူပူဇော်

ပြည် ဩဂုတ် ၃

ပြည်မြို့ နဝဒေးနယ်မြေ ရွှေပေါက်ပင်တောရ ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်ထားသည့် မဟာအောင်မြေအောင်စေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပူဇော်ပွဲ အခမ်းအနားကိုဇူလိုင်၂၃ ရက်နံနက်၉ နာရီက ကျင်းပသည်။

### တက်ရောက်ကြည်ညို

ထီးတော်တင်လှူပွဲအခမ်းအနားသို့ ဆရာတော် ဘဒ္ဒန္တထေရိန္ဒ(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) ရန်ကုန်၊ အင်းလေးတောင်ခြေကျောင်းတိုက် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တကောဝိန္ဒ၊ ပြည်မြို့ ရွှေပေါက်ပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမာစာရ၊ သီပေါဘော်ကြို ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ နမ့်လန် ဆရာတော် ဘဒ္ဒန္တဉာဏောဘာသနှင့် ဆရာတော်များ ကြွရောက်တော်မူပြီး ဒါယကာ ဒါယိကာမများနှင့်အတူ သီပေါမြို့နယ် နမ့်လန်ဒေသမှ ရှမ်းယဉ်ကျေးမှုနှင့် ဓမ္မစကြာဝတ်အသင်းဝင်များ၊ ပြည်မြို့ ကိုးသောင်းရပ် ရှမ်းစုမှ ရှမ်းမျိုးနွယ်စုများ တက်ရောက်ကြည်ညိုကြသည်။

### တင်လှူပူဇော်

အခမ်းအနားတွင် မဟာအောင်မြေ အောင်စေတီတော်မြတ်ကြီးအား ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား တင်လှူပူဇော်ကြပြီး ထီးတော်တင်လှူပွဲနှင့် ရွှေပေါက်ပင် ဆရာတော်၏(၅၇)နှစ်မြောက်မွေးနေ့ ပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ပင့်သံဃာအပါး ၁၅၀ အား ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(က-ပ)**

**ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းရေးအတွက် မြို့တွင်း အမှိုက်ကန်များမှ အမှိုက်များကို အဖွဲ့ဝင်ထမ်းများဖြင့် သိမ်းဆည်းရာသို့ ဩဂုတ် ၃ရက်က အမှုဆောင်အရာရှိ ဦးစောရွှေကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပုလဲမြို့၌ကျင်းပ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများဆွေးနွေး

*ပုလဲ ဩဂုတ် ၅*

***စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့ နယ် မင်းတိုင်ပင် ကျေးရွာနှင့် ငှက်ပျောတောကျေးရွာချင်းဆက်လမ်းဘေး ဝဲယာတွင် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၇ရက် နံနက် ၈ နာရီက ကျင်းပသည်။***

***အခမ်းအနားတွင် ပုလဲမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေးနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မင်းတိုင်ပင် ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကျော် တင့်နှင့် လူမှုရေး အသင်း အဖွဲ့ဝင်များ၊ ငှက်ပျောတော ကျေးရွာ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မင်းနိုင် နှင့် ပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။***

***အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ရေတမာ၊ မယ်ဇလီ၊ မဟော်ဂနီ၊ စိန်ပန်း၊ သရက်၊ အော်ရေးရှားနှင့် ပိန္နဲ စုစုပေါင်း ၂၅၈၀ကို စိုက်ပျိုးကြသည်။***

***ထို့နောက် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ငှက်ပျောတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျေးရွာအေးချမ်းသာယာရေး၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဆွေးနွေးခဲ့ကြောင်း သိရသည်။*** *(မြို့နယ် ပြန်/ဆက်)*

## ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

တာမိုးညဲ ဩဂုတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြို့သန့်ရှင်းသပ်ရပ်လှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၇ ရက်က တာမိုးညဲ-မုံးစီးလမ်းဘေး ဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်ကြရာ မြို့တာဝန်ခံ ဦးမိုင်းဟသ်ာထွန်း ကြီးကြပ်၍ ဆောင်ရွက် ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ရွှေကျင်၌ကျင်းပ

**ရွှေကျင် ဩဂုတ် ၃**

ပဲခူးတိုင်း ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇူလိုင် ၂၆ ရက် နံနက် ၈နာရီက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး ရွှေကျင်(ခုတင်-၁၀၀)ဆံ့ ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာဦးမြသောင်းနှင့် ဆရာဝန်များက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်တားဆီးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(ဝဲပုံ)** **(၃၂၉)**

# ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲ ၁နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ *

## ကြိုဆိုနှုတ်ဆက်

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီး မဒမ်ကျန်တိုင်းကီယမ်တို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

**ရန်ကုန် ဩဂုတ် ၁၄**

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

## အမျိုးသားညီလာခံ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၁၄

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနှင့် ဦးတင်ထွန်းမောင်တို့ ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

15-8 (20) 1 8/15/07, 2:34 AM